
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
အောက်လမ်းဆရာ ယက္ခ

အောင်မြတ်သာတို့ လည်း အောက်လမ်းဆရာ ယက္ခကို ရှာဖွေဖို့ ခရီးဆက်ထွက် ခဲ့ကြတယ်။ နက်ကျော်ရဲ့ ပြောစကား အရတော့ ဦးယက္ခက လူမသိ သူမသိတဲ့ တောနက် တစ်နေရာမှာ ရှိနေမယ်တဲ့ ။

အဲဒီတောရဲ့ အနေအထားကို မသိတဲ့ အောင်မြတ်သာတို့ အတွက်တော့ အခက်အခဲတစ်ခု ဖြစ်နေခဲ့တယ်။ အောင်မြတ်သာတို့ လည်း နက်ကျော်ပြောတဲ့ သစ်ကျုတ်တောထဲကို ရှာဖွေရင်း ခရီးဆက်ခဲ့ကြရာ ညနေစောင်းတော့ သစ်ကျုတ်တောစပ်ကို ရောက်လာခဲ့ကြတယ်။

နေကလည်း စောင်းနေပြီမို့ တောစပ် တစ်နေရာမှာ ရှိတဲ့ တဲအိမ်လေး တစ်လုံးမှာ တစ်ညတာ တည်းခိုခဲ့ကြတယ်။ တဲအိမ်လေးက ဖြစ်သလို ဆောက်ထားတာကို ကြည့်ပြီး ဒီအိမ်က သစ်ထုတ်တဲ့ လူတွေ ယာယီနေဖို့ ဆောက်ထားတာ ဖြစ်မယ်လို့ အောင်မြတ်သာတို့ တွေးမိခဲ့ကြတယ်။

ညအချိန်က တဖြည်းဖြည်း နက်သထက်နက် လာခဲ့တယ်။ တောအုပ်ထဲက တိုက်ခတ်လာတဲ့ လေနုအေးတွေက မလုံမခြုံ ဖြစ်နေတဲ့ တဲအိမ်လေးထဲကို ဖြတ်သန်းနေတော့ အောင်မြတ်သာလည်း တဲအောက်ကို ဆင်းပြီး မီးဖိုတစ်ဖို တည်လိုက်တယ်။

အောင်မြတ်သာ မီးဖို တည်နေတဲ့ အချိန် တောစပ်ထဲကနေ ခွာယက်သံ တစ်ခုကို ကြားလိုက်ရတယ်။ အောင်မြတ်သာလည်း လမ်းပျောက်နေတဲ့ ကျွဲနွား တစ်ကောင်ကောင်ရဲ့ ခြေသံလို့ ထင်ပြီး မီးဖိုထဲကို ထင်းအနည်းငယ် ထည့်နေတဲ့ အချိန် ခွာယက်သံက တဖြည်းဖြည်း နီးကပ်

လာတယ်။

အောင်မြတ်သာလည်း အသံကြားရာ နေရာကို ကြည့်လိုက်တော့ တောစပ်ထဲကနေ ကျွဲအနက် တစ်ကောင် ထွက်လာခဲ့တယ်။ ကျွဲအနက်ရဲ့ အပေါ်မှာ တော့ တင်ပျဉ်ခွေဖိုင်ပြီး လိုက်လာတဲ့ အဘိုးအို တစ်ယောက်ကို ထပ်မံ တွေ့လိုက်ရတယ်။

အဘိုးအိုက အောင်မြတ်သာကို မြင်တော့ ကျွဲပေါ်ကနေ ဆင်းလာပြီး...

"ဆရာ ကျုပ်ကို လာခွင့်ပြုပါ"

"ဝင် လာလေ ကျုပ်ခွင့်ပြုပါတယ် သင်လူကောင်း တစ်ယောက်ဆိုရင် ကျုပ်အနားကို လာလို့ ရပါတယ်"

အောင်မြတ်သာလည်း အဘိုးအိုကို မကြည့်ပဲ ပြောရင်း မီးဖိုထဲကို ထင်းစတွေ ပစ်ထည့်လိုက်တယ်။ အဘိုးအိုက အောင်မြတ်သာ အနားကို ကပ် လာပြီး...

"ဆရာက အိမ်ပတ်ပတ်လည်ကို စည်းချထားတော့ ကျုပ်အနေနဲ့ ခွင့်အရင် တောင်းရတာပါ ကျုပ်နာမည်က ဖိုးအောင်လံလို့ ခေါ်ပါတယ် ယခင်ကတော့ တောထဲက မုဆိုးထိုင်စေတီမှာ နေပါတယ် အခုက မုဆိုးထိုင် စေတီကနေ မောင်းထုတ်ခံထားရလို့ သစ်ကနက်ပင် တစ်ပင်မှာ နေနေရပါတယ်။

အောင်မြတ်သာလည်း အဘိုးအိုရဲ့ စကားကြားရတော့...

"အသင်က ဘာဖြစ်လို့ သစ်ကနက်ပင်မှာ နေရတာလဲ သင့်ယခင်နေတဲ့ နေရာမှာ ဘာတွေဖြစ်ခဲ့လို့ လဲ"

"အဲဒီအကြောင်းကို စပြောဖို့ ဆရာဆီကို လာခဲ့တာပါ ဆရာတို့ ဒီ

တောစပ်ကို ရောက်စထဲက ကျုပ်ဆီကို အမျိုးအမည် မသိတဲ့ လှိုင်းတစ်ခုက လာရောက် ရိုက်ခတ်ခဲ့တယ် ။ အေးမြတဲ့ လှိုင်းတစ်ခု ဖြစ်တဲ့ အတွက် ကောင်းသော လာခြင်းဆိုတာ သိလိုက်ရပါတယ်။ ယခင်ကလည်း ဒီလို လှိုင်းတစ်ခု ရိုက်ခတ်တာ ခံရဖူးတယ်။ အဲဒီတုန်းကတော့ အေးမြတဲ့ အရာ မဟုတ်ခဲ့ဘူး ပူလောင်တဲ့ လှိုင်းတစ်ခုက ကျုပ်နေတဲ့ မုဆိုးထိုင်စေတီဆီ တိုက်ရိုက် ရောက်ခဲ့ဖူးတယ်။

အောင်မြတ်သာက အဘိုးအိုရဲ့ စကားကို ကြားတော့ ခေါင်းညိတ်ပြီး ...

"သင်က ကျုပ်တို့ ကို ကူညီဖို့ ရောက်လာတာပဲ သင်ဖြစ်ခဲ့တဲ့ အရာတွေကို ပြောပြပါ ကျုပ်တို့ အတွက် လိုအပ်တဲ့ အကူအညီ ဖြစ်နိုင်ပါတယ်"

အောင်မြတ်သာ စကားကို ကြားတော့ အဘိုးအိုက...

"ကျုပ်က ယခင် ဒီနယ်တစ်ဝိုက်မှာ လူအများ ရဲ့ ပူဇော်ပသခြင်းကို ခံခဲ့ရတဲ့ ဖိုးအောင်လံ ဖြစ်ခဲ့တယ် စပါးပေါ်တဲ့ အချိန် တောလည် လိုက်တဲ့ အချိန် ကျုပ်ကို ပင့်ဖိတ်ပြီး ပူဇော် ဆက်သခဲ့ကြတယ် ကျုပ်ကလည်း သူတို့ တွေအပေါ် နိုင်သလောက် ကူညီဆောင်မ ပေးခဲ့တယ် တစ်နေ့တော့ ကျုပ်နေတဲ့ တောထဲကို လူတစ်ယောက် ရောက်လာခဲ့တယ် သူ့ပုံစံက လူကောင်း တစ်ယောက် မဟုတ်ဘူး ဆိုတာ ကျုပ်သိတဲ့ အတွက် တောထဲ မဝင်ခင်မှာ ကျုပ်စီးတော် ကျွဲဖြစ်တဲ့ ငမဲလုံးနဲ့ ခြောက်လှန့် ခဲ့ပါတယ် ဒါပေမဲ့ သူက ငမဲလုံးကို ဒဏ်ရာရအောင် ပြန်လုပ်ခဲ့တယ်။ အခု ကျုပ်စီးလာတဲ့ ငမဲလုံးရဲ့ ချိုကို ကျိုးသွားအောင် သူလုပ်ခဲ့တယ် သူ့ရဲ့ ကျင့်စဉ်တစ်ခု ပြီးမြောက်တဲ့ အထိ ဒီတောထဲမှာ နေမယ် ဆိုပြီးလည်း ပြောခဲ့တယ် ကျုပ်က လက်မခံတော့ ကျုပ်နေတဲ့ မုဆိုးထိုင်စေတီကို လာပြီး

ကျုပ်ကို မောင်းထုတ်ခဲ့တယ် သူ့ရဲ့ အစွမ်းကို ကျုပ်မယှဉ်နိုင်ခဲ့ဘူး ဒါကြောင့် ကျုပ်ရဲ့ စီးတော်ကျွဲနဲ့ အတူ သစ်ကနက်ပင်ဆီကို ပြောင်းပြီး နေခဲ့ရတယ်"

အောင်မြတ်သာလည်း အဘိုးအို စကားကို ကြားတော့...

"သူက ဘာတွေ အစွမ်းထက်လို့ လဲ"

"ဆရာ သူက တကယ်ကို စွမ်းတာပါ သူက တစ်ဘတစ်စံလို့ လည်း ပြောလို့ ရတယ် အောက်လမ်းဆရာ ဆိုပေမဲ့ ဒီတစ်ဘဝ ပြီးတာနဲ့ အဝီစိ ငရဲကို သွားရမဲ့သူပါ ဒါကြောင့် သူ့အသက်ကို တတ်နိုင်သမျှ ဆွဲဆန့်ဖို့ မကြာခဏ ဆိုသလို ဒီတောထဲမှာ ကျင့်စဉ်တစ်ခု လာလာ ကျင့်ပါတယ် လွန်ခဲ့တဲ့ လေးနှစ်လောက်က ဟိုဘက်ရွာက ကောင်လေး တစ်ယောက် ကို ကြောင်နက်မှော်သွင်း ပေးခဲ့ပြီး သူ့ရဲ့ အလုပ်တွေကို ခိုင်းစေခဲ့တယ်"

အဘိုးအိုက စကား ပြောပြီးတဲ့ အချိန် ပတ်ဝန်းကျင်ကို မျက်စိလှည့် ကာ လိုက်ကြည့်လိုက်ပြီး...

"တစ်စုံတစ်ယောက် ဒီအနားမှာ ရှိနေတယ် ကျုပ် တစ်ခုခုကို ခံစား နေရတယ်"

အဘိုးအိုရဲ့ စကားကို ကြားတော့ အောင်မြတ်သာက...

"နက်ကျော် မင်း ရောက်နေရင်လည်း ဆင်းလာခဲ့တော့ ခိုးကြောင်ခိုး ဝှက် မနေနေနဲ့ " လို့ လည်း ပြောလိုက်ရော ဘေးက သစ်ပင်ပေါ်ကျနေ ကြောင်နက်တစ်ကောင် ခုန်ချ လာခဲ့တယ်။ တစ်ကိုယ်လုံး မည်းနက်နေ တဲ့ ကြောင်နက်ကြီးကနေ တဖြည်းဖြည်း ကြီး လာပြီး လူငယ်တစ်ယော က် ပုံစံဖြစ်သွားတယ်။

အောင်မြတ်သာက နက်ကျော်ကို မြင်တော့...

"လာခဲ့ကွာ ဒါက ဒီတောမှာ အရင်နေခဲ့တဲ့ ဖိုးအောင်လံတဲ့ မင်းရဲ့ ဆရာ ဖြစ်သူကြောင့် နေစရာ ပျောက်ခဲ့ရတဲ့ သူပေါ့"

အောင်မြတ်သာ စကားအဆုံးမှာ တော့ ဖိုးအောင်လံက ...

"မင်းက ကြောင်နက်မှော် အောင်သွားတဲ့ ကောင်လေးလား "

"ဟုတ်ပါတယ်အဘိုး ဖိုးအောင်လံဆိုတာ ကြားဖူးနေတာ ကြာပြီ ကျွ ကျောင်းရင်း လက်ဖွေ့ လေ့ကျင့်ခဲ့တယ် ဆိုတဲ့ ဖိုးအောင်လံ အကြောင်း ကို ကျုပ်တို့ ငယ်ငယ်က အိပ်ရာဝင် ပုံပြင်တစ်ခုလို ပြောနေခဲ့ကြတာ အ ခုလို မြင်ဖူး လိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ဖူးဘူး"

နက်ကျော်ရဲ့ စကားကို ကြားတော့ ဖိုးအောင်လံက ...

"ဟားဟား ဒါတွေက ကြာခဲ့ပါပြီ အခုတော့ နေစရာ ပျောက်တဲ့ ဖိုး အောင်လံ ဖြစ်နေပြီကွ "

နက်ကျော်နဲ့ ဖိုးအောင်လံရဲ့ စကားကို ကြားတော့ အောင်မြတ်သာ က အနည်းငယ် ပြုံးလိုက်ပြီး...

"စိတ်မပူပါနဲ့ သင့်ရဲ့ ယခင်နေရာကို ပြန်ရအောင် ကျုပ်ကူညီပါ့မယ် တကယ်လို့ သင့်နေရာ ပြန်ရရင် နက်ကျော်ကိုလည်း သင့်ဆီမှာ နေခွင့် ပေးလိုက်ပါ"

အောင်မြတ်သာရဲ့ စကားကြောင့် ဖိုးအောင်လံ မျက်နှာ ပြုံးရွှင် လာပြီး...

"ကောင်းတဲ့ သူ ဆိုရင် ဘယ်သူမဆို နေလို့ ရပါတယ် ကျုပ်က ကြို ဆိုပြီးသားပါ"

နက်ကျော်လည်း ဖိုးအောင်လံကို ကန်တော့လိုက်ပြီး...

"ကျေးဇူးတင်ပါတယ် အဘိုး ကျုပ်တို့ ဆရာကို ကူညီပြီး အခက်အခဲတွေကို ရင်ဆိုင်ကြတာပေ့ါ ဒီတောရဲ့ မြေအနေအထားကို အဘိုးက ပိုသိတော့ ဆရာတို့ ကို လမ်းညွှန် ပေးလိုက်ပါ ကျုပ်အနေနဲ့ နိုင်သလောက် ကူညီပ့ါမယ်"

ဖိုးအောင်လံလည်း အောင်မြတ်သာကို မုဆိုးထိုင်စေတီ သွားရမဲ့ လမ်းကို ညွှန်ပြပြီး သန်းခေါင်လွဲ အချိန်မှာ ပြန်ထွက် သွားခဲ့တယ်။ ဖိုးအောင်လံ ထွက်သွားပြီး မကြာခင်မှာ ပဲ နက်ကျော်လည်း ဘေးက သစ်ပင်ပေါ် တက်သွားပြီး ပျောက်သွားခဲ့တယ်။

အောင်မြတ်သာလည်း သိသင့်သလောက် သိရပြီမို့ တဲပေါ် ပြန်တက်ပြီး မိမိလုပ်စရာရှိတဲ့ အလုပ်တွေကို လုပ်ကာ တစ်မှေး အိပ်စက်လိုက်တယ်။

မနက်ကျတော့ အောင်မြတ်သာတို့ မုဆိုးထိုင် စေတီရှိရာကို ဆက်ထွက် ခဲ့ကြတယ်။ တောက တဖြည်းဖြည်း နက်သထက် နက်လာခဲ့ပေမဲ့ တောကောင် တစ်ကောင် တစ်မြီးမှ မတွေ့ရဘူး။ တောတစ်ခုလုံး အပ်ကျသံမျှပင် မကြားရအောင် တိတ်ဆိတ်နေတော့ အောင်မြတ်သာက…

"ဒါက သွေးရိုးသားရိုးတော့ မဟုတ်လောက်ဘူး ဖိုးအောင်လံ ပြောပုံ အရဆိုရင် ဦးယက္ခက ငါတို့ လာတာ သိနေတဲ့ ပုံပဲ"

အောင်မြတ်သာ စကားကို ကြားတော့ သက်ခိုင်က…

"ကျွန်တော်တို့ သတိတော့ ထားရမယ် ဦးယက္ခဆိုတဲ့ လူရဲ့ အစွမ်းက သာမန် မဟုတ်တော့ သတိထားနိုင်မှ တော်ကာကျမယ်"

အောင်မြတ်သာတို့ လည်း သတိထားပြီး မုဆိုးထိုင် စေတီရှိရာ ဖြည်းဖြည်းချင်း လျှောက်လာတဲ့ အချိန်…

"ဖလပ် ဖလပ် ဖလပ်" ဆိုတဲ့ အသံနဲ့ အတူ မလှမ်းမကမ်းမှာ ရှိတဲ့ ညောင်ပင်ကနေ လင်းနို့သုံးကောင် ပျံတက်သွားတာ တွေ့လိုက်ရတယ်။ အောင်မြတ်သာလည်း လင်းနို့ သုံးကောင်ကို မြင်တော့...

"ယက္ခကတော့ ငါတို့ ကို အကြို ထောက်လိုက်ပြီ ခုနက လင်းနို့ သုံးကောင်က သူ့ရဲ့ ရှေ့ပြေးတပည့်တွေ ဖြစ်လိမ့်မယ် သက်ခိုင်နဲ့ တောက်ရ သတိထားကြ အန္တရာယ်က ဘယ်အချိန် ဝင်လာမလဲ ခန့်မှန်းမရဘူး"

အောင်မြတ်သာရဲ့ သတိပေး စကားအဆုံးမှာ သက်ခိုင်နဲ့ တောက်ရ ဘေးဘီကို ပိုသတိထားပြီး တောထဲကို ဆက်ဝင်ခဲ့ကြတယ်။ ကွမ်းတစ်ယာ ညက်ခန့်ကြာတော့...

"သက်ခိုင် အရှေ့က ကျောက်တုံးက ဖိုးအောင်လံ ပြောတဲ့ ကျောက်တုံးပဲ အဲဒီကျောက်တုံးမှာ ဘယ်ဘက်ကို သွားရမယ်ဆိုတဲ့ လမ်းညွှန် ရှိလိမ့်မယ် သွားကြည့်လိုက်"

သက်ခိုင်လည်း အောင်မြတ်သာ ပြောတဲ့ အတိုင်း ဟုတ်မဟုတ် သွားကြည့်တော့...

"ဆရာ ကျောက်တုံးမှာ မျှားပြထားတာ တွေ့ရတယ် ဘယ်ဘက်ကို မျှားပြထားတယ်"

သက်ခိုင်ရဲ့ အော်သံကြောင့် အောင်မြတ်သာက...

"ဒါဆို တို့ တွေ ဘယ်ဘက်ကို ဆက်သွားကြရအောင် နက်ကျော်ကော ပါလာရဲ့ လား"